**MAE YWAY**

**၂၇ ( သူဟာချားရဟတ်ထဲပိတ်မိ ဘယ်တော့မှပြန်ဆင်းခွင့်မရတော့ )**

အရှိတရားကို ငါငြင်းတယ်
လောကဓမ္မကို ငါငြင်းတယ်
အဲဒါတွေက ပျင်းရိငြီးငွေ့ဖွယ်ရာအတိ

တွေးတောဆင်ခြင်မှုအပိုင်းကို ငါမပြလိုတော့ဘူး
ပုံရိပ်တွေကိုလည်း ထုတ်မပြချင်တော့ဘူး
မရှိခြင်းနဲ့ မတရားမှုတွေကိုလည်း လီဆည်မနေချင်တော့ဘူး
ဖြစ်တည်မှုအကြောင်းနဲ့ ကမ္ဘာစကြာဝဠာအကြောင်းလည်း ငြီးတွားပြမနေချင်ဘူး
ချစ်ခြင်းမေတ္တာဆိုတာလည်း ဖြစ်ပျက် ပြန်ဖြစ်ပြန်ပျက်ပဲ
မျှော်လင့်ချက်ကြောင့် ငါဆက်လက်မရှင်သန်လိုတော့ဘူး
တကယ့်ဘဝနဲ့ အိပ်မက်ရဲ့ကြားမှာလည်း ပြေးလွှားမနေလိုတော့ဘူး
မြို့ပြကိုလည်း အပြစ်မတင်တော့ဘူး
သမ္မတနာမည်တွေလည်း ငါအခုထိမသိသေးဘူး

ဘယ်မျိုးဆက်ကိုမှ ဘာဖြစ်လာပါစေ ညာဖြစ်လာပါစေ ဆုမတောင်းတော့ဘူး
ပြဿနာကဘာလဲလို့ မင်းငါ့ကိုပြန်မမေးနဲ့
သီအိုရီတွေကို အလွတ်မကျက်တော့ဘူး
နေ့စဉ်ဘဝကို ဆက်ပြီးမှတ်တမ်းမတင်တော့ဘူး
မိမိကိုယ်မိမိသတ်သေခြင်းကို ယုံတယ် မယုံဘူး အငြင်းမပွားလိုတော့ဘူး

သူငယ်ချင်းနဲ့ မိတ်ဆွေတို့ကြားက စည်းဟာ ပေါက်သွားပြီ
ဘယ်မှာတာကျိုးသလဲ ဘယ်မှာအစပျိုးသလဲ
ဘယ်ဖုန်းမှ မကိုင်တော့ဘူး
မင်းလက်နဲ့မှ မင်းပြီးတာပဲ အဲဒါကိုစိတ်မကောက်တော့ဘူး

ရည်းစားဟောင်းတွေကိုလည်း မလွမ်းတော့ဘူး

အမျိုးတွေမကောင်းကြောင်းလည်း ထပ်မပြောတော့ဘူး
ဂုဏ်သိက္ခာဆိုတာ အရည်မရအဖတ်မရဆိုတာတွေ
လူကြားထဲဘယ်တော့မှ ထပ်မပြောမိစေရဘူး
မင်းကို နာကျင်အောင်မလုပ်ဘူး ငါဆင်ခြင်ပါ့မယ်လို့
ဘယ်ကတိစကားမှ သေရင်ကိုယ့်နောက်ပါမယ်မထင်ဘူး

မေလရဲ့ပထမဆုံးမိုးမှာ ငုဝါတွေကြွေလို့
တစ်လမ်းလုံးအဝါရောင်တောက်နေတဲ့အကြောင်း
ငါမပြောရင် မင်းသိမှာမဟုတ်ဘူး

ရင်ဘတ်ချင်းနီးပြီး လူချင်းဝေးတဲ့  အချိန်တွေမဖြုန်းတော့ဘူး
အိပ်ရတာ မပျော်တော့ဘူး
ကလေးဘယ်တော့မှ မယူဘူး
ဆေးလိပ်ဘယ်တော့မှ မဖြတ်ဘူး
ကြည်အေးရဲ့ဇာတ်ကောင်တစ်ကောင်အဖြစ် မိမိကိုယ်မိမိထပ်မမြင်လိုတော့ဘူး

မူရာကာမိရဲ့ဝတ္ထုထဲဝင်မထိုင်တော့ဘူး
ဝန်ကာဝေရဲ့ဇာတ်လမ်းထဲဖြတ်မလျှောက်တော့ဘူး
နေသာတဲ့နေ့  ကမ်းခြေမှာ လမ်းလျှောက်ရင်း မားဆိုးနဲ့လည်း မတွေ့ချင်ဘူး

မူးပြီး ရေကူးကန်ထဲခုန်ဆင်းရင် တားနော်

ဒါဖြင့်
ဘယ်သွားကြမှာလဲ  ဘယ်ဆိုင်ဆက်သွားမှာလဲ
အဲဒါပဲပြော
ပြော

အခုပြော ။

**ယေဘုယျအားဖြင့်**

မနာလိုသဝန်တိုရင်/ အတင်းပြောတတ်ရင်/ မျက်လွှာကလေးချထားခဲ့ရင်/ ရည်းစားတွေ ဖြစ်ဖို့အရေး အဖြေပေးခွင့်သာရှိရင်/ လမ်းပေါ် ကိုးရိုးကားယားမောင်းရင်/ လူလူချင်းတူ ကုသိုလ်ကံနိမ့်ပြီး မွေးလာရင်/ သားကို သခင် လင်ကို ဘုရားလို့ ပြောရင်/ မူရာမာယာများရင်/ လှည့်စားတတ်ရင်/ လျှပ်ပေါ်လော်လည်ရင်/ မွေးကတည်းက ကျောက်တုံးဖိထားရင်/ တင်အတောင်းခံရရင်/ ပေးအစားခံရရင်/ လေ့ကားသုံးထစ်ဆင်းလို့ နဂိုနေရာ ပြန်မရောက်ရင်/ ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့ရင်/ မိဘဆိုသည်မှ လွဲ နာမည်နောက်ရောက်နေရင်/ ပါရမီဖြည့်ခွင့်သာရှိရင်/ မီးဖိုချောင်မှာ အချိန်ကုန်ရင်/ ဘယ်သူ့အားကိုးရမလဲပဲ ကြံနေရင်/ ယောကျ်ားတန်မဲ့ မဲ့ရွဲ့သရော်ရင်/ သျှောင်နောက်ဆံထုံးပါရင်/ ဟိုဘက်မြင့်ဖို့ ဒီဘက် အနိမ့်ခံရရင်/ အသိဉာဏ်နဲပါးရင်/ တစ်ဆင့်နိမ့်တာတွေ ပြုမူရင်/ အရှက်ကိုပဲ ကာကွယ်နေရရင်/ ရှင် ဗလအားကိုးနဲ့ အနိုင်မကျင့်နဲ့နော်/ ဖျော်ဖြေရေး ပစ္စည်းတစ်မျိုးပဲလေ/ မိသားစုတစ်ခု၏ မှီခိုသူသည်/ အိမ်ထောင်ဦးစီး ဖြစ်ခွင့် မရှိသူသည်/ ယခု ကဗျာရေးနေသူသည်/ ။ ။

**တက်တူးအသစ်ထိုးထားတဲ့နေ့မှာ ကြက်သားကိုရှောင်ရသလို**

တက်တူးအသစ်ထိုးထားတဲ့နေ့မှာ ကြက်သားကိုရှောင်ရသလိုပေါ့
စိတ်လှုပ်ရှားခြင်းရဲ့ တည်နေရာပြမြေပုံဟာ ချိုင်းအောက်မှ ချွေးများ
ငြိမ်းချမ်းသော ချစ်ခြင်းမေတ္တာလို့ အော်နေရင်း နှစ်ဦးသား ပြာကျ
ငါဒိုတော့ တစ်ရှူးစတွေ ထုတ်ပေးရှာတယ် ခန္ဓာကိုယ်ထဲက
မြန်မာလို သတ်ပုံမှန်ဖို့ အင်္ဂလိပ် အဘိဓာန်မှာ Body ကို အရင်ရှာရတယ်
ဖြစ်ချင်တော့ တိုက်ဆိုင်မှုရဲ့ အမှတ်ရခြင်းများမှာ သက်ဝင်လှုပ်ရှားမှု မှန်သမျှ
ချန်လှပ်ထားတယ် ဥပမာ - ရည်းစားဟောင်းတွေပေါ့

တကယ်တော့ ဘယ်အရာကမှ ငါ့အား မပြီးစေခဲ့ပါဘူး အဆုံးမှာ
ငါတို့ ပြတ်သွားကြတာပဲ ဈေးဝယ်တယ် ချက်ပြုတ်တယ် ဓါးဟာ
ပြန်ခုတ်တဲ့အခါ မိမိမှာ အပိုင်းပိုင်းပြတ်ရပေါ့ ပြီးနောက်
မီးပြင်းပြင်းမှာ ကျက်သွားတဲ့ အနာတွေ ပြီးတော့ အပြန်အလှန်အားဖြင့်
အနာဖေးချိုးတွေ ကွာကျတဲ့အခါ တက်တူးဟာ ပုံပေါ်လာတဲ့
ဆာလောင်မှုရနံ့ အသစ်တွေ

မိမိရဲ့ အဆုံးစွန်သော လုပ်ပိုင်ခွင့်ဟာ
မီးဖိုချောင် သို့မဟုတ် ဧည့်ခန်း သို့မဟုတ်
ဝရန်တာမှာ ချစ်မှုပြုနေတဲ့ ညသန်းခေါင်

ငြီးငွေ့ဖွယ်အတိ တိုတောင်းနေမှုများ
တောင်တွေကြားကနေ လျှံထွက်လာသော အရောင်
သူဟာ ငါ့ကို ငုံ့ကြည့်တယ်
ဝိုင်ပင်တွေဟာ စပျစ်သီးတဖြစ်လည်း ဖျားယောင်းနေပြန်တယ်

ငါတို့ ဘယ်လိုရှေ့ဆက်ကြမှာလဲ - ငါမေးတယ် အော်မေးတယ်
အသံဟာ ထွက်မသွားဘဲ နောက်ကြောင်းပြန်လှည့်လို့ မြေကြီးပေါ်တရွေ့ရွေ့
မင်း ဖွရှုပ်သွားတဲ့ တစ်စစီ ပျက်စီး ပြန့်ကြဲနေမှုဟာ မိမိပဲ

လက်တွေဟာ ကုတင်အောက်ဝင်သွားတယ်  ခြေထောက်တွေ ဘယ်မှာနေမယ်. . .
မတွေ့ဘူး  ဦးဈောက်ဟာ  တလိုမ့်ကောက်ကွေးနဲ့  အခန်းထောင့်က

အမှိုက်ပုံးကို ဝင်ဆောင့်တယ်  အမှောင်ထဲ  ကွဲပြားနေသော ဦးခေါင်းခွံ
၂၅နှစ်မှာ  နောက်ထပ်တံခါးတစ်ချပ်  ရောက်လာလေရဲ့ .

. . ဒါဟာ ပင်လယ်ဆီသွားမယ့် အပြာရောင်
ဒါမှမဟုတ် သူငယ်အိမ်ကျုံ့သွားစေတဲ့ မွန်းတည့်အဝါရောင်
ဒါမှမဟုတ် အနီနဲ့ အစိမ်း  တစ်ပြိုင်တည်းလင်းမယ့် ရန်ကုန်မြို့မီးပွိုင့်
မဟုတ်ရင် နယ်စပ်ကနေ ကျည်ဘေးသင့် ခန္ဓာတွေ  မျောပါလာလိမ့်မယ်
မဟုတ်ရင်လည်း  နွယ်နဲ့ငါ  ကျားထိုးနေမှာပေါ့
မဟုတ်ရင် တံခါးဝမှာ ရေအပြည့်ဖုံးနေတဲ့ မြို့  လမ်းမမှာ ဝေလငါးတွေ ကူးခတ်နေတဲ့ PONYO
ဒါမှမဟုတ် ခရီးဆောင်အိတ်ထဲ ငါဝင်ခွေနေတဲ့ ၂၀၁၆
မဟုတ်လည်း နာရီတွေ ချွတ်ယူသွားကြပါ  အချိန်များသာ ပြန်ပေးခဲ့ပါ
ဒါမှမဟုတ်  လှေနံ့နှစ်ဖက်လုံးကို  ထမ်းထားရတာ အချစ်ရဲ့
ဒါမှမဟုတ်  ဘဝမှာ ဘာမှအရေးကြီးမနေဘူးလို့ ထယောင်ပြီး  ငယွေးဟာ
ပြန်အိပ်ပျော်သွားတယ်

စိတ်ကြီးဟာ  ဘယ်တုန်းက ဝင်လဲ  ဘယ်ကနေ ဝင်လာသလဲ
ဇေယျာလင်းရဲ့  မီးစွဲလောင်နေသော မီးသတ်ကားဟာ မိမိကိုယ်တိုင်ပဲ
အဲဒီ ကဗျာထဲ  ခဏဝင်လောင်ကြည့်တဲ့အခါ . . .  ဖြစ်ချင်တော့
အခုလို  ကျယ်လောင်တဲ့ အချက်ပေးဥသြသံမျိုး
မင်းလည်း  မဆိုညည်းဖူးဘူး  မဟုတ်လား ။  ။

**ရောထွေးသွားပုံကရှင်းရှင်းလင်းလင်းပဲ**

ရောထွေးသွားပုံက   ရှင်းရှင်းလင်းလင်းပဲ
မင်းရဲ့ ခြံစည်းရိုးအောက်ကနေ  ငါ ရောနှောဝင်ရောက်ခဲ့သလိုပေါ့
ပိုင်နက်ရဲ့ တစ်စိတ်တစ်ဒေသမှသည်  ကျူးကျော် စွက်ဖက် လိုစိတ်အထိ

ငယ်ဘဝ ထရော်မာတွေနဲ့   ကြီးပြင်းလာရတဲ့ နှင်းဆီ
သစ်ရွက်တွေ ခြောက်လာတဲ့အခါ   မီးရှို့ထားသော  ပျော်ရွှင်မှု
ဓါတ်ပုံရပ်လိုက်သောအချိန်ထဲမှာ    မိသားစုဟာ  ပြုံးလို့ ပျော်လို့

ပြဿနာ။  သူလာရှာတော့  ငါ့ကို တွေ့သွားတယ်
သူတို့ နှစ်ယောက်ကြားမှာ    နံရံတစ်ခု ခြားပေးလိုက်တယ်
အဲဒီနောက်    ဘာသံမှ  မကြားရတော့ဘူး

အဆင်မပြေမှုဟာ  စကား စပြောတတ်လာတယ်   သွေးထဲက
ကလေးတစ်ယောက်ရဲ့ မပီမသ အသံထွက်မှာ    သေချာတဲ့ အဓိပ္ပါယ်
မိုး  စရွာတဲ့နေ့မှာ    မှာထားတဲ့  နေကာမျက်မှန်  ရောက်လာတယ်

နောက်ပြန်လှည့်နေသော    မီးပွိုင့်စက္ကန့်များ
တံတားတွေဟာ  ဖွင့်ပွဲနေ့မှာပဲ   အက်ကြောင်းထ   ဆက်ဆံရေး
ဒီလိုနဲ့   နှစ်ဆယ့်ငါး ။   ငါ့လိပ်ခေါင်းကို   သူတို့ ဝိုင်းဖြတ်ကြတယ်

ဆိုကြပါစို့   သူမဟာ  ချွတ်၍ မရသော  အစွဲ
ပုံမှန် မဟုတ်သော သက်တန့်များ။   ကွဲပြားမှုရဲ့ အရောင်အဆင်း
လိင်ဟာ  ငါ့ကို   လူမမာလို ဆက်ဆံတယ်

ဆေးထိုးအပ်ဟာ  အရိုးထဲထိ စိမ့်ဝင်။   အရေပြား တစ်ထောက်စာမှသည်
လက်ချောင်းရဲ့ အရှည်အထိ။ နင် ပြန်သွားတဲ့အထိ   သူတို့ ပြောနေကြတုန်းပဲ
ဘယ်သူ့ ချွေးမလေ   ဘယ်သူ့ မေမေလေ

လှိုင်းထနေတဲ့  မျက်နှာပြင်ပေါ်က  ပတ်သက်မှုမျိုး
ဟိုးအောက် ကြမ်းခင်းတွေအထိ   ရေငုံ့ဆင်းလို့ရတဲ့   ပတ်သက်မှုမျိုး
ဒါမှမဟုတ်လည်း   ကောင်းကင်အခုံးမှာ   ဆုံးသွားတဲ့ ပင်လယ်

ပိကျလာတဲ့  တိမ်တွေအကြောင်း  မင်းကို  မပြောပြရသေးဘူး ။  ။